
ဘာသာပြန် စာရေးဆရာ – အပြုံးလေး
သိုင်းပါရဂူ
(ချင်းချန်)
(Chapter 6502-6521)
စာစဥ် – ၃၂၆

သိုင်းပါရဂူ

ဘာသာပြန် - အပြုံးလေး

အပိုင်း - ( ၆၅၀၂ )

*

" ကြောင်နက်ကြီး ဟုတ်လား "

ချင်းချန် ချာခနဲလှည့်ပြီး ပျက်စီးခြင်းဒီရေပင်လယ်၏ အနက်ရှိုင်းဆုံးနေရာကို ကြည့်လိုက်၏။ ကြောင်နက်ကြီးက ဤနေရာတွင် ရှိနေသည်ပေ့ါ။

သို့သော် လေဟာနယ်က တိတ်ဆိတ်နေပြီး မည်သည့်အသံမှ မကြားရပေ။

အကြီးအကဲလောကဇကေရာဇ်က ဘာကိုဆိုလိုနေသနည်း။ ကြောင်နက်ကြီးက မသေမျိုးအင်မော်တယ်ကလန်ဘိုးဘေးကို သတ်နိုင်စွမ်းရှိနေသည်လား။

သူ၏အတွေး မဆုံးခင်မှာပင် ပျင်းရိကာ မကျေမနပ်ဖြစ်နေသောအသံက ရုတ်တရက် ပဲ့တင်ထပ်၍ ဖြစ်ပေါ်လာသည်။

" သောက်ချီးပဲ ငါဒီမှာအနားယူပြီး အိပ်စက်နေတာလေ မင်းကဘာကိစ္စ ငါ့အိပ်မက်တွေကို လာနှောင့်ယှက်နေရတာလဲ "

" ရှီး "

အသံဆုံးသည်နှင့် ပျက်စီးခြင်းဒီရေပင်လယ်၏ လေဟာနယ်ထဲတွင် မဲနက်နေသော သတ္တဝါတစ်ကောင်က အပျင်းကြောဆန့်ကာ ထွက်ပေါ်လာ၏။ ၎င်းက ကြောင်နက်ကြီးမှလွဲ၍ အခြားလူမဟုတ်ချေ။

" ကြောင်နက်ကြီး "

ချင်းချန် မျက်လုံးပြူးကာ ခေါ်လိုက်သည်။

" ကောင်လေး ချင်းချန် မတွေ့တာကြာပြီ "

ကြောင်နက်ကြီးပြုံးကာပြောလိုက်ပြီး ချက်ချင်းပင် ဖျတ်ခနဲပျောက်ကွယ်သွားကာ ချင်းချန်၏ပခုံး၌ ပြန်လည်ထွက်ပေါ်လာ၏။ ထို့နောက် ချင်းချန်ကို အထက်အောက် စုန်ချီဆန်ချီ စိုက်ကြည့်လိုက်သည်။

" နတ်ဇကေရာဇ်တစ်ပိုင်းအဆင့် .. ကောင်လေးချင်းချန် မင်းက ဒီဘုရင်တစ်ရေးတစ်မော အိပ်လိုက်ရုံပဲရှိသေးတယ် မင်းရဲ့ကျင့်ကြံအဆင့်က ဒီအဆင့်ကိုတောင် ရောက်သွားပြီပေါ့၊ ကောင်းတယ် .. ကောင်းတယ် .. မင်းက ဒီဘုရင်ရဲ့ နှစ်သက်မှုကို ခံရတဲ့သူ ပီသပါပေတယ် "

ကြောင်နက်ကြီး ထိုသို့ပြောပြီးသည်နှင့် ချင်းချန်ကို နှစ်ကြိမ်ခန့်လှည့်ပတ်ကာ ပျံသန်းလိုက်ပြီး ခေါင်းကိုခါယမ်းလိုက်ကာ...

" ကံမကောင်းစွာနဲ့ မင်းရဲ့ခန္ဓာကိုယ်ထဲမှာ အဓိကစွမ်းအားအရင်းအမြစ်မရှိတော့ နတ်ဇကေရာဇ်အဆင့်ကို မဝင်နိုင်သေးဘူး၊ မင်းနတ်ဇကေရာဇ်အဆင့်ကို ဖြတ်ကျော်ချင်ရင် အောက်လမ်းမိစ္ဆာမျိုးနွယ်စုကို မလွဲမသွေ သွားရမယ်ထင်တယ် "

" ကြောင်နက်ကြီး မင်းငါ့မှာ အောက်လမ်းမိစ္ဆာစွမ်းအား လိုအပ်နေတယ်ဆိုတာ ဘယ်လိုလုပ်သိတာလဲ "

ချင်းချန် တအံ့တဩဖြင့် ပြောလိုက်၏။

ကြောင်နက်ကြီးတွင် ယခုလောက်သန်မာသော အမြင်အာရုံ ရှိနေသည်လား။

သူတောင်မှ နတ်ဘုရားသေဆုံးခြင်းမြို့တော်တွင် ဝိညာဉ်တာအိုသခင်နှင့် တိုက်ခိုက်ပြီးမှသာ သူအဆင့်တက်ရန် အောက်လမ်းမိစ္ဆာစွမ်းအား လိုအပ်နေသည်ဆိုတာကို သိရှိလိုက်ခြင်းဖြစ်သည်။ သို့သော် ကြောင်နက်ကြီးက တစ်ချက်ကြည့်ရုံဖြင့် ပြဿနာကို သိသွားမည်ဟု သူမမျှော်လင့်ထားပေ။

ဤကဲ့သို့ အမြင်အာရုံက မိုးကောင်းကင်ကို လွန်ဆန်နေလေ၏။

" ဒါလေးများ ဘာခက်တာမို့လို့လဲ "

ကြောင်နက်ကြီး လက်နှစ်ဖက်ဖြင့် ခါးကိုထောက်လိုက်ပြီး ရင်ကိုကော့ကာ...

" ငါကဘယ်သူလဲ .. ငါက ( ၉ ) ကောင်းကင်နှင့် ကမ္ဘာမြေ ( ၁၀ ) ခုကို အုပ်စိုးခဲ့တဲ့ အထွတ်အမြတ်ဘုရင်ပဲ၊ မင်းမပြောနဲ့ မင်းမွေးလာတဲ့ ကလေးကိုတောင်မှ ဒီဇကေရာဇ်က ထွင်းဖောက်ပြီးမြင် .. အမ် "

ထိုသို့စကားပြောနေရင်း ကြောင်နက်ကြီးချက်ချင်း ချောင်စီစီကိုကြည့်ပြီး မျက်လုံးများက ကျဉ်းမြောင်းသွားသည်။

" မင်း... "

ကြောင်နက်ကြီး ဖြပ်ခနဲပျောက်ကွယ်သွားပြီး ချောင်စီစီ၏ရှေ့၌ ထွက်ပေါ်လာကာ ဝမ်းဗိုက်ကိုသေချာစိုက်ကြည့်ပြီး အံ့အားသင့်စွာဖြင့်...

" မင်းတို့နှစ်ယောက် ဘယ်တုန်းက အဲ့တာကို ထပ်လုပ်လိုက်တာလဲ .. ဒီလိုအနေအထားဖြစ်လာအောင်လို့ တစ်ခါတည်းတော့ မဖြစ်နိုင်ဘူး "

တစ်ဖက်တွင် ချောင်စီစီက သူမ၏ဝမ်းဗိုက်ကို ပြန်ငုံ့ကြည့်လိုက်ပြီး...

" အကြီးအကဲကြောင်နက်ကြီး ဘာကိုဆိုလိုချင်တာလဲ "

" ဘာမှမဟုတ်ဘူး "

ကြောင်နက်ကြီး ထိုသို့ပြောပြီးသည်နှင့် ချောင်စီစီကို ပတ်ချာလည်ပုံသန်းကာ မျက်လုံးများက မေးစင်း၍...

" မင်းရဲ့အဖေက အစီအစဥ်ဆွဲတာ တော်တော်လေး ကောင်းတဲ့ကောင်လို့ပြောရမယ်၊ နောက်ဆုံးတော့ သူ့ရဲ့အကြံအစည် အောင်မြင်သွားပြီ၊ အဲ့ဒီကောင် ငရဲပြည်ကနေ တိတ်တိတ်ဆိတ်ဆိတ်လေး ရောက်လာကတည်းကိုက ဒီဘုရင် အဲ့ဒီကောင်မှာ ရည်ရွယ်ချက်ဆိုးတွေ ရှိတယ်ဆိုတာသိသားပဲ "

" အကြီးအကဲကြောင်နက်ကြီးက အဖေ့ကိုသိလား "

ချောင်စီစီ အံ့အားသင့်စွာဖြင့် မေးလိုက်၏။

" ဒါပေ့ါ ရှေးခေတ်တုန်းက ငါအဲ့ကောင်နဲ့ ခဏခဏတွေ့ဖူးတယ် "

ကြောင်နက်ကြီး သူ၏ခါးပေါ် လက်ထောက်ကာ ခေါင်းညိတ်လိုက်ပြီး ...

" မင်းရဲ့အဖေက ခေတ်တစ်ခေတ်ရဲ့ဇာတ်ကောင်တစ်ယောက်ပဲ၊ ကျယ်ပြောလှတဲ့ စကြဝဠာကြီးထဲမှာ ဒီဘုရင်ကို တွေ့နိုင်တဲ့လူဆိုတာ သိပ်မရှိဘူး၊ အဲ့တုန်းက မင်းအဖေ ငရဲမင်း ငါနဲ့တွေ့ခဲ့တာက တော်တော်လေးကို သူ့အတွက် ကံကောင်းသွားတယ်၊ မဟုတ်ရင် အတိတ်မှာ ကတည်းက ငရဲပြည်ဆိုတာ စကြဝဠာပင်လယ်ရဲ့ လူတွေလက်ထဲကို ကျဆင်းသွားပြီ "

" ငရဲမင်း သူ .. သူ .. သူမက ငရဲမင်းရဲ့သမီးလား "

ရန်းကန်နေသော မသေမျိုး အင်မော်တယ်ကလန်ဘိုးဘေး မယုံကြည်နိုင်မှုများနှင့်အတူ ချောင်စီစီကိုကြည့်လိုက်၏။

" မထူးဆန်းတော့ပါဘူး ဒီအမျိုးအသမီးမှာ ကြောက်စရာကောင်းတဲ့ သေခြင်းစွမ်းအားရှိတာ အံ့ဩစရာမရှိတော့ဘူး၊ အစကတော့ သူမ သေခြင်း

စွမ်းအားကို ဒီအနေအထားအထိရောက်အောင် ဘယ်လိုကျင့်ကြံခဲ့တာလဲဆို ပြီး အံ့သြနေခဲ့တာ၊ နောက်ဆုံးတော့ သူမက ငရဲမင်းရဲ့သမီးတော် ဖြစ်နေ တာပဲ၊ ဒါဆိုရင် ဒီအမျိုးသမီးနဲ့ပတ်သက်ပြီး အရာအားလုံးက ရှင်းလင်း သွားပြီ "

" ပြီးတော့ ချင်းချန် "

မသေမျိုးအင်မော်တယ် ကလန်ဘိုးဘေး ချင်းချန်ကိုကြည့်လိုက်ပြီး...

" မင်းရဲ့ခန္ဓာကိုယ်ထဲမှာရှိနေတဲ့ စွမ်းအားတွေက ယင်နဲ့ယန် ပေါင်းစပ် ခြင်းစွမ်းအားတွေ၊ ငရဲပြည်၊ မူလစကြဝဠာ၊ အရာအားလုံးကို ပေါင်းစပ် လိုက်ရင် နတ်ဧကရာဇ်တစ်ပိုင်းအဆင့်လေးနဲ့ အင်ပါရီယာနတ်အဆင့်တွေ ကို ခံချနိုင်တဲ့အစွမ်းရှိနေတာ ဘာထူးတော့လို့လဲ "

" ပြီးတော့ မိုးမြေအရှင်သခင် .. သူကမင်းကို တိုက်ခိုက်ဖို့အတွက် ပြောခဲ့ တဲ့အကြောင်းအရင်းက ငရဲပြည်အတွက်ဖြစ်မှာ အသေအချာပဲ "

မသေမျိုးအင်မော်တယ်ကလန်ဘိုးဘေး စိတ်ထဲတွင် မရေတွက်နိုင်သော သံသယများ ထွက်ပေါ်လာခဲ့ပြီး တစ်ခုနှင့်တစ်ခု ချိတ်ဆက်သွားချိန်တွင် ယခင်က ရှုပ်ထွေးခဲ့သော အရာများအားလုံးကို ရှင်းရှင်းလင်းလင်း နားလည်သွားသည်။

***

အပိုင်း - ( ၆၅၀၃ )

*

" ကောင်းပြီ မင်းပြောစရာရှိရင် နောက်မှပြော "

လောကဇကေရာဇ် ကြောင်နက်ကြီးကို ကြည့်လိုက်ပြီး...

" ဒီကောင့်ကိုဖြေရှင်းဖို့အတွက် မြန်မြန်လုပ် "

" ဟမ့် ကောင်လေး မင်းငါ့ကို တစ်ခုခုလုပ်ခိုင်းချင်ရင် ဒီလိုပုံစံနဲ့ မရဘူးနော် "

ကြောင်နက်ကြီး လောကဇကေရာဇ်ကို မကျေမနပ်ဖြင့်ကြည့်လိုက်ပြီး...

" ဒါက မင်းအကူအညီတောင်းတဲ့ ပုံစံလား "

လောကဇကေရာဇ် ကြောင်နက်ကြီးကိုကြည့်ကာ ပြုံးလိုက်၏။

" ငါသာမင်းကို အကူအညီတောင်းတယ်ဆိုရင် တလေးတစားနဲ့ပြောမှာ အသေချာပဲ၊ ဒါပေမဲ့ အခုမင်းကူညီပေးရမယ့် သူက ဘယ်သူလဲဆိုတာ မင်းသိတယ်နော် "

ထိုစကားကြားလျှင် ကြောင်နက်ကြီးက ချင်းချန်ကို လှမ်းကာကြည့်လိုက်သည်။

" ချီးပဲ မေ့လိုက်တော့ .. မလုပ်ပေးလဲရမှာမှ မဟုတ်တာ "

အသံဆုံးသည်နှင့်တစ်ပြိုင်နက် ကြောင်နက်ကြီးက မသေမျိုးအင်မော်

တယ် ကလန်ဘိုးဘေး၏ ဦးခေါင်းထက်တွင် ဖြပ်ခနဲပြန်လည်ထွက်ပေါ်လာ၏။

" ဆရာကြီး ကျွန်တော်တို့ဆွေးနွေးလို့ရပါတယ် "

မသေမျိုးအင်မော်တယ်ကလန်ဘိုးဘေး ကြောင်နက်ကြီး သူ၏ဦးခေါင်းထက်၌ ထွက်ပေါ်လာသောအခါ စိတ်ပျက်အားငယ်မှုနှင့် ကြောက်ရွံ့မှုကို ခံစားလိုက်ရသည်။ ထို့ကြောင့် သူအလျင်စလို တောင်းပန်လိုက်လေ၏။

" သေတော့မယ့် သူတစ်ယောက်ကို .. ငါကဘာဆွေးနွေးရမှာလဲ "

ကြောင်နက်ကြီး အေးစက်စက်ပြောလိုက်ပြီး...

" ဘုံ ( ၉ ) ဘုံ ချိတ်ပိတ်ခြင်း အစီရင် "

" အုန်း "

မရေတွက်နိုင်သည့် အလွန်ထူးဆန်းသော လေဟာနယ်စွမ်းအားများက ကြောင်နက်ကြီး၏ ခန္ဓာကိုယ်မှ ပေါက်ကွဲထွက်လာသည်။ သူ၏နက်မှောင်သော အမွေးများအားလုံးက ရေခဲဆူးချွန်များကဲ့သို့ ကြည်လင်ပြတ်သားလာ၏။ သိပ်သည်းလှသော လေဟာနယ်စွမ်းအားများကလဲ လောက၏ အပြင်ဘက်ကနေ တစ်ခုပြီးတစ်ခု စကြဝဠာပင်လယ်ထဲသို့ ထိုးဖောက်ဝင်လာလေသည်။

ထို့နောက် ၎င်းလေဟာနယ်စွမ်းအားများက မူလစကြဝဠာကို အလွှာကိုးခုဖြင့် ဖုံးအုပ်သွားခဲ့တော့၏။

ထိုအချိန်တွင် မသေမျိုးဘိုးဘေးမှာ သူနှင့်စကြဝဠာပင်လယ်၏ ချိတ်ဆက်မှုက တစ်စုံတစ်ခုဖြင့် ပိတ်ဆို့ခြင်းခံလိုက်ရသည်ဟု ရုတ်တရက် ခံစားလိုက်ရလေသည်။

" ဘာတွေဖြစ်နေတာလဲ ဘာလို့ငါနဲ့ စကြဝဠာပင်လယ်ရဲ့ ချိတ်ဆက်မှုက

ပြတ်တောက်သွားတာလဲ "

မသေမျိုးအင်မော်တယ်ကလန်ဘိုးဘေး အလန့်တကြား ဖြစ်သွား၏။

" အင်ပါရီယာနတ်စွမ်းအား ထွက်ပေါ်လာစမ်း "

" အုန်း "

သူ၏ခန္ဓာကိုယ်မှ အင်ပါရီယာနတ်အဆင့် စွမ်းအားများက တဟုန်းဟုန်း ဖြင့် ပေါက်ကွဲကာ ထွက်ပေါ်လာပြီး ကြောက်စရာကောင်းသော စွမ်းအား တစ်ခုက မူလစကြဝဠာ၏ ကောင်းကင်ကို ပြေးတက်သွားကာ စကြဝဠာ ပင်လယ်ကြီးနှင့် ချိတ်ဆက်မှု ပြန်လည်ပြုလုပ်ရန် ကြိုးစားသည်။ သို့သော် သူ၏စွမ်းအားကို မည်မျှပင် ထုတ်သုံးနေပါစေ ကြားထဲ၌ မမြင်နိုင် မထိတွေ့ နိုင်သော အလွှာတစ်ခုက ခြားနားနေသကဲ့သို့ လုံးဝစကြဝဠာပင်လယ်နှင့် ချိတ်ဆက်မရ ဖြစ်နေလေ၏။

" မဟုတ်ဘူး "

မသေမျိုးအင်မော်တယ်ကလန်ဘိုးဘေး ကြောက်လန့်သွား၏။ ဤနည်း လမ်းက သူ၏အသိဉာဏ်ထက် ကျော်လွန်နေခဲ့သည်။

တစ်ဖက်တွင် ချင်းချန်နှင့်ချောင်စီစီတို့ကလည်း အံ့အားသင့်ကာ မျက်လုံးပြူးနေ၏။

" အင်ပါရီယာနတ်အဆင့် ကျင့်ကြံသူတစ်ယောက်ကို လောကနဲ့ အချိတ်အဆက်ပြတ်အောင်လို့ ဘယ်လိုလုပ်လိုက်တာလဲ "

ချင်းချန် အံ့အားသင့်သွားသည်။ ၎င်းက အင်ပါရီယာနတ်အဆင့် ကျင့်ကြံ သူတစ်ယောက်ကို လောကနှင့်ခွဲထုတ်နိုင်သည့်နည်းလမ်းအား ပထမဆုံး အကြိမ် တွေ့ဖူးခြင်းပင်။

" ကြောင်နက်ကြီး တကယ်ကိုကောင်းတယ် .. မင်းရဲ့အဲ့ဒီမှော်စွမ်းအား

တွေက အခုချိန်အထိ မယုံကြည်နိုင်လောက်အောင် ဆန်းကြယ်နေဆဲပဲ "

လောကဇေကရာဇ် ကြောင်နက်ကြီးကိုကြည့်ကာ ပြောလိုက်ပြီး သူ၏မျက်လုံးထဲတွင်လည်း လေးနက်မှုများ ရှိနေ၏။ သူသာ မသေမျိုးဘိုးဘေးနေရာတွင်ဆိုလျှင် တော်တော်လေးကို ခေါင်းကိုက်ရမည်ဖြစ်သည်။

သူ၏ကြယ်ကိုးစင်းနတ်ဘုရားကျင့်စဉ်စွမ်းအားက ကြောင်နက်ကြီးချိတ်ပိတ်ထားသော လေဟာနယ်ကို မထိုးဖောက်နိုင်သည်မှာ အသေအချာပင်။ ထိုလူထားရစ်ခဲ့သည့် မိုးကြိုးစွမ်းအားကို အသက်သွင်းမှသာ ဖြတ်ကျော်နိုင်ချေက အနည်းငယ်ရှိမည်ဖြစ်၏။

လောကဇေကရာဇ် စိတ်ထဲတွင် ထိုသို့တွေးနေသော်လည်း လက်များကတော့ ရပ်တန့်ခြင်းမရှိပေ။

" အုန်း "

သူ၏ဆံပင်များက လေထဲတွင် ပျံသန်းသွားခဲ့ပြီး ခန္ဓာကိုယ်မှ အနက်ရောင်နဂါးကြီးတစ်ကောင်က ထွက်ပေါ်လာခဲ့ကာ သူ့ကိုရစ်ပတ်၏။ ထို့နောက် ဦးခေါင်းထက်မှ နဂါးခေါင်းက မသေမျိုးအင်မော်တယ်ကလန်ဘိုးဘေးကို အေးစက်စက် စိုက်ကြည့်နေလေသည်။

လောကဇေကရာဇ် အနက်ရောင်ဓားကြီးကို မြေပြင်၌ တရွတ်တိုက်ဆွဲသွားပြီး မသေမျိုးအင်မော်တယ်ကလန်ဘိုးဘေးရှိရာသို့ တစ်လှမ်းချင်းလျှောက်သွား၏။

" အင်ပါရီယာနတ်အဆင့် ကျင့်ကြံသူတစ်ယောက်ကို သတ်နိုင်တယ်ဆိုတာက တကယ်ကိုဂုဏ်ယူစရာပဲ၊ စကြဝဠာပင်လယ်ထဲမှာရှိနေတဲ့ အင်ပါရီယာနတ်အဆင့်ဆိုတဲ့ကောင်တွေ သူတို့တစ်သက်လုံး ဒီလိုတစ်ခါမှ မလုပ်ဖူးလောက်ဘူး၊ ဒီနေ့တော့ငါ လောကဇေကရာဇ်ဆိုတဲ့လူက အင်ပါရီယာနတ်

အဆင့် ကျင့်ကြံသူတစ်ယောက်ကို သတ်ဖြတ်ရတာဘယ်လိုခံစားချက်လဲ သိရှိရတော့မယ် "

အသံဆုံးသည်နှင့် ကြောက်စရာကောင်းသော အရှိန်အဝါများက သူ၏ခန္ဓာကိုယ်မှ တရိပ်ရိပ်ဖြင့် ဆက်တိုက်တိုးလာသည်။

" မသေမျိုးကောင် မင်းရဲ့ သေခြင်းကို ဂုဏ်ယူလိုက် .. ငါမင်းကို အခု တိုက်ခိုက်မယ့်စွမ်းအားက ပျက်စီးခြင်းဒီရေပင်လယ်ထဲမှာ နှစ်ပေါင်းဘီလီယံချီ ပိတ်မိနေတဲ့အချိန် ဖန်တီးထားတဲ့ဓားချက်ပဲ "

" မိုးမြေပြောင်းပြန်လှန် "

" အုန်း "

အသံဆုံးသွားသည်နှင့် လောကဇေကရာဇ် ဓားကိုမြှောက်လိုက်လျှင် အဆုံးမဲ့သော အင်ပါရီယာနတ်စွမ်းအားများက သူ၏ခန္ဓာကိုယ်မှ ထွက်ပေါ်လာပြီး ပတ်ပတ်လည်လေဟာနယ်ကို ပြောင်းပြန်လှန်ကာ ချေမွသွား၏။

ထိုစွမ်းအားအရှိန်အဝါအောက်တွင် ချင်းချန်နှင့် ကျန်သူများအားလုံး မွေးညှင်းပေါက်များပင် ကျုံ့သွားပြီး တစ်ကိုယ်လုံး ကြက်သီးမွေးညှင်း ထသွားကြသည်။ ထိုအချိန်တွင် လောကဇေကရာဇ်၏ ခန္ဓာကိုယ်၌ သေးငယ်သော လျှပ်စီးကြောင်းလေးများ စီးဆင်းလာ၏။

" တရားစီရင်ခြင်း မြင့်မြတ်မိုးကြိုးစွမ်းအား "

ချင်းချန်သည် လောကဇေကရာဇ်၏ ခန္ဓာကိုယ်တွင် သူနှင့်တူညီသော မိုးကြိုးစွမ်းအားကို ခံစားလိုက်ရသည်။ ၎င်းကို သူတစ်ယောက်တည်းသာ သိရှိပုံရပြီး အခြားသူများက သိရှိပုံမရချေ။

တရားစီရင်ခြင်းမြင့်မြတ်မိုးကြိုးစွမ်းအား ထောက်ပံ့ပေးမှုအောက်တွင် လောကဇေကရာဇ်၏ အရှိန်အဝါက ယခင်ကထက် အဆတစ်ရာ အဆ

တစ်ထောင်မဟုတ်ပဲ အဆတစ်သောင်းလောက် ပို၍အားကောင်းသွားလေ၏။ လက်ရှိအချိန်တွင် သူ၏အရှိန်အဝါတစ်ခုတည်းက လောကကိုတောင် ထိုးဖောက်နိုင်နေပုံရသည်။

" သေ "

ဓားချက်က မသေမျိုးအင်မော်တယ်ကလန်ဘိုးဘေးအပေါ် ကျဆင်းသွားပြီး ပျက်စီးခြင်းဒီရေပင်လယ်ကြီးတစ်ခုလုံးက ထိုဓားချက်အောက်တွင် မှေးမှိန်ကာ အလင်းရောင်ပျောက်ကွယ်သွား၏။

စကြဝဠာကြီးတစ်ခုလုံး ၎င်းဓားချက်အနောက်သို့ လိုက်ပါသွားသကဲ့သို့ ပတ်ပတ်လည်က အရောင်မရှိ၊ အလင်းရောင်မရှိ၊ အရသာမရှိ၊ ခံစားချက်မရှိ၊ ထိတွေ့မှုမရှိ၊ အသံမရှိ ... အာရုံအားလုံးက ပျောက်ကွယ်သွားခဲ့သည်။

လူတိုင်းခံစားသိရှိနိုင်သည်က အလွန်ကြောက်စရာကောင်းသည့် ဓားအလင်းသာဖြစ်၏။ ၎င်းဓားက ကမ္ဘာကြီးကို ဥခွံထဲကနေခွဲကာ ဖွင့်ပေးလိုက်သလိုပင်။ ကြီးကျယ်ခမ်းနားကာ အဆုံးမဲ့သော လူသတ်ငွေ့များကလည်း ဓားချက်တွင်ပါဝင်နေခဲ့သည်။

နောက်ဆုံးတွင် လောကဧကရာဇ်၏ ထိန်းချုပ်မှုအောက်တွင် ထိုဓားချက်က မသေမျိုးအင်မော်တယ်ကလန်ဘိုးဘေးအပေါ်သို့ ကျဆင်းသွား၏။

" ဘယ်လောက်တောင်လှလိုက်တဲ့ ဓားချက်လဲ "

လူတိုင်း၏မျက်လုံးထဲတွင် အချိန်နှင့်လေဟာနယ်ကရပ်တန့်နေခဲ့ပြီး ဓားအရိပ်တစ်ခုတည်းသာ ထာဝရတည်ရှိနေသကဲ့သို့ စိုးမိုးနေသည်။

အကုန်လုံး၏ အကြည့်နှင့် အတွေးများကလည်း ထိုဓားချက်ပေါ်တွင်သာ နစ်မြုပ်နေခဲ့လေ၏။

ဤသို့ဖြင့် ဓားချက်က မသေမျိုးအင်မော်တယ် ကလန်ဘိုးဘေး၏

ကြီးမားသော ခန္ဓာကိုယ်ထဲသို့ တိတ်တဆိတ်ပင် နစ်ဝင်သွားသည်။

" မဟုတ်ဘူး "

မသေမျိုးအင်မော်တယ်ကလန်ဘိုးဘေး မျက်လုံးထဲတွင် စိတ်အားငယ်မှုနှင့် ကူကယ်ရာမဲ့မှုများ ပြည့်နှက်နေပြီး နာကျင်စွာ အော်ဟစ်လိုက်၏။ ထိုအချိန်တွင် လောကဧကရာဇ်၏ဓားက သူ၏ခန္ဓာကိုယ်၊ အသွေးအသား၊ အရိုး အကုန်လုံးကို ထိုးဖောက်ပြီး ခန္ဓာကိုယ်ထဲရှိ အင်ပါရီယာနတ်စွမ်းအား မူလအူတိုင်စီ တိုက်ရိုက် ကျဆင်းသွားသည်။

" ခရက် "

အက်ကွဲသံတစ်ခုက ထွက်ပေါ်လာပြီး မသေမျိုးအင်မော်တယ်ဘိုးဘေး၏ အင်ပါရီယာနတ်အဆင့် မူလအူတိုင်က ဓားချက်အောက်၌ ကြီးမားသော အက်ကွဲကြောင်းကြီး ထွက်ပေါ်လာ၏။ ထို့နောက် အက်ကွဲကြောင်းက လျင်မြန်စွာဖြင့် ပျံ့နှံ့သွားပြီး မူလအူတိုင်ကပျက်စီးသွားကာ စွမ်းအားများက အရပ်မျက်နှာအနှံ့သို့ ပြန့်ကြဲသွားသည်။

အင်ပါရီယာ နတ်စွမ်းအားများက သူ၏ခန္ဓာကိုယ် နေရာတိုင်းတွင်ရှိနေသော မွေးညင်းပေါက်မှတစ်ဆင့် အပြင်ဘက်သို့ အတင်းထိုးဖောက်ထွက်လာ၏။

ထိုအချိန်တွင် လောကဧကရာဇ်၏ဓားမှ အလွန်ကြောက်စရာကောင်းသည့် အဖျက်စွမ်းအားက မသေမျိုးအင်မော်တယ်ကလန်ဘိုးဘေး၏ ခန္ဓာကိုယ်ထဲတွင် မိုးမြေကို ပြောင်းပြန်လှန်လိုက်သကဲ့သို့ အထက်အောက် ပြောင်းပြန်လှန်ပြီး ဖျက်ဆီးမှုကိုစတင်ပြုလုပ်တော့သည်။

မသေမျိုး အင်မော်တယ်ကလန်ဘိုးဘေးသည် စကြဝဠာနှင့် အရှူးအမူး ချိတ်ဆက်ပြီး အင်ပါရီယာနတ်စွမ်းအားများကို ပြန်စုပ်ယူကာ ခန္ဓာကိုယ်ကို

ပြန်လည်ကုသရန် ကြိုးစား၏။ လောက၏ အင်ပါရီယာနတ်စွမ်းအားကို သာ သူစုပ်ယူနေနိုင်သ၍ ဤမျှ ပြင်းထန်သော ဒဏ်ရာကတောင် သူ့ကိုသေ စေနိုင်မည်မဟုတ်ချေ။

သို့သော် စိတ်မကောင်းစရာက သူမည်မျှကြိုးစားပါစေ စကြဝဠာပင်လယ်နှင့် ချိတ်ဆက်နိုင်ခြင်းမရှိပေ။ ဤသို့ဖြင့် သူ၏ခန္ဓာကိုယ်မှ အသက်ဓာတ်အရှိန်အဝါက တဖြည်းဖြည်း အားနည်းလာခဲ့တော့လေသည်။

***